ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ရှမ်းပြည်နယ်(တောင်ပိုင်း)
ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**
**National Community Driven Development Project**
**(NCDDP)**



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**
**Village Development Plan (VDP)**
**ဝမ့်ပန်ကျေးရွာ၊ တဘက်ကျေးရွာအုပ်စု**

၂၀၁၇ခုနှစ်၊မေလ

## မာတိကာ


၁။ ဆီဆိုင်မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ဆီဆိုင်မြို့နယ်မြေပုံ



ဆီဆိုင်မြို့နယ်အခြေပြမြေပုံ
ဟိုပုံးမြို့နယ်
မ
ဆီဆိုင်မြို့နယ်
စကေး ၁ လက်မ ၆မိုင်
တောင်ကြီးမြို့နယ်
ပင်လောင်းမြို့နယ်
ညောင်ရွှေမြို့နယ်
ဆီဆိုင်
ဖယ်ခုံမြို့နယ်
လွိုင်ကော်ခရိုင်
ရည်ညွှန်းချက်
မြို့နယ်ခြား
ရပ်ကွက်ကျေးရွာအုပ်စုခြား
ကားလမ်း
ရထားလမ်း
ကျေးရွာခြင်းဆက်လမ်း
မြစ်ချောင်း/ဆည်/
အမည်ပြောင်း
ရွာ တိုး

## ၂။ကျေးရွာတည်နေရာပါဝင်သောကျေးရွာအုပ်စု၏မြေပုံ



၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | တည်နေရာပြကုဒ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|---|---|
| ၁ | MMR1304002001 | တဘက် | မဲဟဲ |
| ၂ | MMR1304002002 | တဘက် | မကောက် |
| ၃ | MMR1304002003 | တဘက် | ဖမ့်ပန် |
| ၄ | MMR1304002004 | တဘက် | လုံစံ(ခ)နောင်ပိ |
| ၅ | MMR1304002005 | တဘက် | မဲပေါ့ |
| ၆ | MMR1304002006 | တဘက် | ဂိန်းလုံ |
| ၇ | MMR1304002007 | တဘက် | ဟိုခဲ(ကယန်း) |
| ၈ | MMR1304002008 | တဘက် | နမ့်စေမြ |
| ၉ | MMR1304002009 | တဘက် | ဂိန်းကွန် |
| ၁၀ | MMR1304002010 | တဘက် | နောင်စကာ |
| ၁၁ | MMR1304002011 | တဘက် | ပန်ကန်း |
| ၁၂ | MMR1304002012 | တဘက် | ဘန်းနောင် |
| ၁၃ | MMR1304002013 | တဘက် | လွယ်စဲ့ |
| ၁၄ | MMR1304002014 | တဘက် | ကောင်ထို |
| ၁၅ | MMR1304002015 | တဘက် | ဖမ့်ဟော့ |
| ၁၆ | MMR1304002016 | တဘက် | ဟိုပန် |
| ၁၇ | MMR1304002017 | တဘက် | နောင်ပါရင် |
| ၁၈ | MMR1304002018 | တဘက် | ဆန့်ဆိုင် |
| ၁၉ | MMR1304002019 | တဘက် | နောင်သိမ် |
| ၂၀ | MMR1304002020 | တဘက် | ဂိန်းကောင် |

| | | | |
|---|---|---|---|
| ၂၁ | MMR1304002021 | တဘက် | နောင်ခမ်း |
| ၂၂ | MMR1304002022 | တဘက် | နောင်ချို |
| ၂၃ | MMR1304002023 | တဘက် | နောင်ခုံး |
| ၂၄ | MMR1304002024 | တဘက် | နောင်ဘို |
| ၂၅ | MMR1304002025 | တဘက် | ကွန်နွတ် |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ(ကျေးရွာသမိုင်းကြောင်း)

တဘက်ကျေးရွာအုပ်စု၊ ဝမ့်ပန်ကျေးရွာသည် ဆီဆိုင်မြို့မှ အနောက်တောင်ဘက် (၈)မိုင်ကျော် အကွာအဝေးတွင် တည်ရှိပြီး အရှေ့ဘက်တွင် နောင်ကျောကျေးရွာအုပ်စု၊ အနောက်ဘက်တွင် နောင်ခုံးကျေးရွာ၊ မြောက်ဘက်တွင် စန့်ဆိုင်ကျေးရွာ နှင့် တောင်ဘက်တွင် ဝိန်းလုံကျေးရွာတို့တည်ရှိပါသည်။ မြောက်လတ္တီကျူ့၂၀.၁၁၀၂၀၁ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ့၉၇.၂၆၀၃၉၉ ဒီဂရီတွင်တည်ရှိပါသည်။

ဝမ့်ပန်ကျေးရွာသည် ၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး၊ စတင်တည်ထောင်ကာစတွင် အိမ်ခြေ (၆)အိမ်သာ ရှိခဲ့ပါသည်။ ၎င်းစတင်တည်ထောင်ချိန်တွင် ကျား (၁၀)ဦးနှင့် မ (၁၃)ဦးသာရှိခဲ့ရာမှ လက်ရှိအချိန်တွင် အိမ်ထောင်စု (၂၈)စုရှိပြီး လူဦးရေမှာ (၁၁၂)ဦးအထိ ရှိလာခဲ့ပါသည်။ ကျေးရွာတွင်းနေထိုင်သူအများစုမှာ ရှမ်းလူမျိုးများဖြစ်ကြပြီး ပအိုဝ်းလူမျိုးစုလည်း နေထိုင်ပါသည်။ ဗုဒ္ဓဘာသာကိုကိုးကွယ် ယုံကြည်ကြပါသည်။ ဝမ့်ပန်ကျေးရွာမှ ဆီဆိုင်မြို့သို့ သွားရောက်သောလမ်းမှာ မြေသားလမ်း (၁)မိုင်ခန့်သွားရ၍ ကျန်သော(၇)မိုင်ခန့်သည် ကျောက်ချောလမ်းဖြစ်ပြီး ဆိုင်ကယ်ဖြင့်နွေရာသီတွင် သွားရောက်လျှင် မိနစ် (၃၀)ခန့်သာကြာမြင့်ပါသည်။ ကုန်စည်ပို့ဆောင်မှုအတွက် အများအားဖြင့် ထော်လာဂျီကို အသုံးပြုကြပါသည်။ အသက်မွေးဝမ်းကြောင်းအနေဖြင့်စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ကျပမ်းလုပ်ကိုင်သူအိမ်ထောင်စု (၉)စုခန့်ရှိပါသည်။ ကျေးရွာတွင် မူလတန်းအဆင့်စာသင်ကျောင်းရှိပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကို တက်ရောက်လိုသော ကျောင်းသားအနည်းငယ်သာ ဆီဆိုင်မြို့ပေါ်သို့ သွားရောက်တက်ရောက်ကြသည်။ အနီးဆုံးကျန်းမာရေးဝန်ဆောင်မှု ရရှိနိုင်သောနေရာတွင်လည်း သွားလာရလွယ်ကူသော ဆီဆိုင်မြို့ပေါ်သို့အများဆုံး သွားရောက်ကြရသည်။


## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | နေ့စွဲ | ဦးတည်အုပ်စု | တက်ရောက်သူဦးရေ | | | အဓိကဆွေးနွေးသည့်အချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုအရင်းမြစ်ပြမြေပုံ | ၂၄.၄.၂၀၁၇ | စေတနာ့ဝန်ထမ်း၊ အမျိုးသား၊ အမျိုးသမီး | ၁၀ | ၉ | ၁၉ | အခြေခံအဆောက်အဦး၊ လမ်းပန်းဆက်သွယ်ရေး၊ စီးပွါးရေး အလုပ်အကိုင် အခြေအနေ ၊ သဘာဝ အရင်း အမြစ် အခြေအနေ၊ |
| ၂ | ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၂၄.၄.၂၀၁၇ | ချမ်းသာအုပ်စု၊ အလယ်အလတ်၊ နွမ်းပါးသောအုပ်စု | ၂၂ | ၂၀ | ၄၂ | ပိုင်ဆိုင်မှုစံနှုန်းများသတ်မှတ်ခြင်း၊ စံနှုန်းများအပေါ်အခြေခံပြီးအဆင့် (၃)ဆင့်တွင် ပါဝင်သော အိမ်ထောင်စုအရေအတွက် ခန့်မှန်းခြင်း၊ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းများအား ဆွေးနွေးမှတ်တမ်းတင်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၄.၄.၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၂ | ၂၀ | ၄၂ | - အမျိုးသားများနှင့် အမျိုးသမီးများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် အရင်းအမြစ်များကို သုံးသပ်ခြင်း။ |
| ၄ | ရာသီခွင်ပြပြက္ခဒိန် ဇယား | ၂၄.၄.၂၀၁၇ | စေတနာ့ဝန်ထမ်း၊ အမျိုးသားနှင့် အမျိုးသမီး | ၁၂ | ၁၁ | ၂၃ | - ရာသီဉတု၊ စိုက်ပျိုးသီးနှံများ၊ အဓိကအသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ ရောဂါဖြစ်ပွါးမှု များ၊ ပွဲတော်များ၊ ဝင်ငွေရရှိမှုများ ဆွေးနွေးခြင်း။ |
| ၅ | ပင့်ကူအိမ် သုံးသပ်ခြင်း | ၂၄.၄.၂၀ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၂ | ၂၀ | ၄၂ | တန်းတူအခွင့်အရေးရရှိမှုနှင့် သာတူညီမျှမှုများအား ဆွေးနွေးသုံးသပ်ခြင်း |
| ၆ | ဗင်းပုံစံ (အဖွဲ့အစည်းဆိုင်ရာ အကဲဖြတ်ခြင်း) | ၂၅.၄.၂၀၁၇ | ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့၊ လူမှုဖွံ့ဖြိုးရေး အဖွဲ့ | ၂၅ | ၂၃ | ၄၈ | ကျေးရွာရှိ အဖွဲ့အစည်းများနှင့် အခြားပြင်ပရှိ အဖွဲ့အစည်းများ မည်သည့် လုပ်ငန်း မည်သို့ချိတ်ဆက် လုပ်ကိုင် သင့်မှုကို ဆွေးနွေးခြင်း။ |
| ၇ | အခက်အခဲများ (ပြဿနာများ) | ၂၅.၄.၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၅ | ၂၃ | ၄၈ | အမျိုးသားများနှင့်အမျိုးသမီးများ နေ့စဉ် လူမှုဘဝတွင် ကြုံတွေ့ နေရသော အခက်အခဲ အတားအဆီးများအား ဆွေးနွေး ဖော်ထုတ်ခြင်း။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၈ | နောင်(၅)နှစ်စာမျှော်မှန်းချက်များ | ၂၇.၄.၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ | ၂၅ | ၂၃ | ၄၈ | နောင်တချိန်တွင် ကျေးရွာလူထု၏ ဖြစ်စေချင်သော မြင်စေချင်သော ကျေးရွာဖွံ့ဖြိုးမှုများ ဖော်ထုတ်ခြင်း။ |
| ၉ | ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ် အဆိုပြုခြင်း | ၂၇.၄.၂၀၁၇ | အမျိုးသား၊ အမျိုးသမီး | ၂၅ | ၂၃ | ၄၈ | အဓိကပြဿနာကိုပြေလည်စေသောအကြောင်းရင်းများပြေလည်စေသော လုပ်ငန်းများအား ကျား/မခွဲ၍ဆွေးနွေး ဖော်ထုတ်ခြင်း။ |
| ၁၀ | ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆုံးဖြတ်ခြင်း | ၂၇.၄.၂၀၁၇ | အစည်းအဝေး တက်ရောက်သူ အားလုံး | ၂၅ | ၂၃ | ၄၈ | အဆိုပြုထားသော ဖွံ့ဖြိုးရေးလုပ်ငန်း များကို တစ်စုတစ်စည်းတည်း စုခြင်း နှင့် စီမံကိန်းလုပ်ငန်းခွဲများ မဲပေး ရွေးချယ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ကျေးရွာလူမှုအရင်းမြစ်ပြမြေပုံ




### လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံဆန်းစစ်ချက်

ဝမ့်ပန်ကျေးရွာလူမှုရေးအရင်းအမြစ်ပြမြေပုံကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာလူထုသည်အသက်မွေးဝမ်းကြောင်းအနေဖြင့်စိုက်ပျိုးရေးတွင် လယ်ကွင်းအနည်းငယ်နှင့် ခြံယာအနည်းငယ် သာလုပ်ကိုင်ပြီး ပြင်ပ/ထိုင်းနိုင်ငံတွင် အလုပ်လုပ်ခြင်းဖြင့် ရပ်တည်ခဲ့ပါသည်။
- ကျေးရွာတွင် ဘာသာရေး၊ လူမျိုးရေးအရ အုပ်စုများ သီးခြားကွဲနေခြင်းမရှိပါ။
- ကျေးရွာမှနေ၍ အခြားသို့ပြောင်းရွှေ့မှု အနည်းငယ်ရှိကြောင်းလည်း တွေ့ရှိရပါသည်။
- ချမ်းသာသောအုပ်စုများသည် ရွာအရှေ့ပိုင်းနှင့် ရွာလယ်တွင် နေထိုင်ကြပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၃)စု ရှိသည်။
- ကျေးရွာတွင်းမှ ပုံမှန်အိမ်ခြေ၊ လူဦးရေမတိုးဘဲလူဦးရေလျော့သွားသည်ကိုတွေ့ရသည်။ အကြောင်းရင်းမှာ ပြင်ပနိုင်ငံ (ထိုင်းနိုင်ငံ)တွင် အလုပ်လုပ်နေထိုင်များခြင်းကြောင့် ဖြစ်သည်။
- လိုအပ်ချက်အနေဖြင့် ကျေးရွာတွင်စိုက်ပျိုးရေးနှင့်ပတ်သက်၍ အရင်းအနှီးနှင့်နည်းပညာ လိုအပ်ပါသည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ဥစ္စာဓနကြွယ်ဂမှုအဆင့်သတ်မှတ်ခြင်း




### ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်


ဝမ့်ပန်ကျေးရွာဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက်ကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာတွင် တိုက်အိမ်၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ လယ်ထွန်စက် ပိုင်ဆိုင်သောလယ်ကွင်း(၁၀)ကေနှင့် ခြံယာ(၁၀)ကေရှိပြီးတစ်နှစ်ဝင်ငွေ သိန်း(၄၀)ရှိသောချမ်းသာသောအိမ်ထောင်စု(၉)စုရှိပြီးရာခိုင်နှုန်းဖြင့်
- (၃၂ %) ဖြစ်သည်။
- ကျေးရွာတွင် တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ ထော်လာဂျီ၊ လယ်ထွန်စက် ပိုင်ဆိုင်သောလယ်ကွင်း(၅)ကေနှင့် ခြံယာ(၃)ကေရှိပြီးတစ်နှစ်ဝင်ငွေ သိန်း(၂၀)ရှိသော အလယ်အလတ်ဖြစ်သော အိမ်ထောင်စု(၁၀)စုရှိပြီး ရာခိုင်နှုန်းဖြင့် (၃၆ %) ဖြစ်သည်။
- ကျေးရွာတွင် ထရံကာ(သွပ်၊ဓနိမိုး)နှင့် တစ်နေ့လုပ်တစ်နေ့စားဖြစ်သောတစ်နှစ်ဝင်ငွေ (၅)သိန်းသာရှိသော ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုသည် (၉)စုရှိပြီးရာခိုင်နှုန်းဖြင့် (၃၂ %) ဖြစ်သည်။
- စိုက်ပျိုးရေး အရင်းအနှီးနည်းပါးခြင်း၊ ခြံယာနှင့် လယ်မြေပိုင်ဆိုင်မှုမရှိခြင်း၊ ကြုံရာကျပန်းလုပ်ကိုင်ရသောကြောင့် ဆင်းရဲနွမ်းပါးရခြင်း ဖြစ်ပါသည်။
- စီမံကိန်းလုပ်ငန်းပြုလုပ်ရာတွင် ဆင်းရဲနွမ်းပါးသူပါဝင်အောင် လုပ်အားခတန်းတူပေးပြီး ဖွံ့ဖြိုးရေး လုပ်ငန်း များတွင် ပါဝင်လာအောင် ဆွဲခေါ် ပေးရမည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ပိုင်ဆိုင်မှုသုံးသပ်ခြင်း (အရင်းအမြစ်သုံးစွဲမှုနှင့်ထိန်းချုပ်မှုပုံစံပြဇယား)





### ပိုင်ဆိုင်မှုသုံးသပ်ခြင်း ဆန်းစစ်ချက်

ဝမ့်ပန်ကျေးရွာ ပိုင်ဆိုင်မှုသုံးသပ်ခြင်းကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာတွင် အမျိုးသားသီးသန့်သုံးစွဲသော အရင်းအမြစ်မရှိပါ။
- ကျေးရွာတွင် စေတီ၊ ရေချောင်း၊ နတ်စင်စသည့် အရင်းအမြစ်များကို အမျိုးသမီးများက အများဆုံး အသုံးပြုသည်။
- ကျေးရွာတွင် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဝါးပင်၊ လယ်ကွင်း၊ တံတားနှင့် လမ်းစသည့် အရင်းအမြစ်များကို အမျိုးသားနှင့် အမျိုးသမီးများက အတူသုံးစွဲကြပါသည်။
- ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးများအတူတကွ ထိန်းချုပ်ထားသောအရင်းအမြစ်မှာ လမ်း ဖြစ်သည်။
- အခြားအရင်းအမြစ်များအားလုံးကို အမျိုးသားများက ထိန်းချုပ်ထားကြပြီး အမျိုးသမီးသီးသန့် ထိန်းချုပ်သောအရင်းအမြစ် မရှိပါ။
- အကယ်၍ အမျိုးသမီးများအသုံးပြုသော အရင်းအမြစ်များကို အမျိုးသားများက ထိန်းချုပ်ပါက ကယက်ရိုက်မှုများ မရှိနိုင်ပါ။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ရာသီခွင်ပြပြက္ခဒိန်ဇယား




### ရာသီခွင်ပြပြက္ခဒိန်ဇယားဆန်းစစ်ချက်

ဝမ့်ပန်ကျေးရွာ ရာသီခွင်ပြပြက္ခဒိန်ဇယားကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- လယ်ယာလုပ်ငန်းသည် ကျေးရွာ၏အဓိကလုပ်ငန်း တစ်ခုဖြစ်သည်။သို့သော် အိမ်ထောင်စု ၅၀% လောက်သာ လုပ်ကိုင်နိုင်ကြသည်။ လယ်လုပ်ငန်းကို မိုးတွင်းအခါသာ လုပ်ကိုင်ကြပြီးရေထွက်နှင့် ဆည်များဝေးကွာခြင်း ကြောင့် ရေလုံလောက်စွာမရရှိခြင်း၊ အထွက်နှုန်းနည်းခြင်း၊ အရင်းအနှီးမရှိခြင်း စသည်တို့ ကြုံတွေ့ရသည်။
- ကျေးရွာတွင်းရှိအများစုမှာ လယ်ယာလုပ်ငန်းမလုပ်ကိုင်နိုင်ဘဲ ပြင်ပသို့ နေ့လုပ်အားခရှာခြင်း၊ ကူလီလုပ်ခြင်း၊ အငှားလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသည်။
- လူပုဂ္ဂိုလ်တစ်ယောက်ချင်းစီ၏ ဂင်ငွေမှာ ပုံမှန်မရှိခြင်း၊ ကုန်ဈေးနှုန်းကြီးခြင်း စသည်တို့ကြောင့် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုမှာ အိမ်သုံးစရိတ်၊ စားဝတ်နေရေး မလုံလောက်မှု စသည်တို့သော အခက်အခဲများ ကြုံတွေ့ရပါသည်။
- ကျေးရွာတွင်းသို့ အသက်မွေးဝမ်းကြောင်းသင်တန်း၊ စိုက်ပျိုးရေးအရင်းအနှီးပေးခြင်းဖြင့် ကြုံတွေ့ရသော အခက်အခဲများကို ဖြေရှင်းပေးနိုင်မည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ပင့်ကူအိမ်သုံးသပ်ခြင်း




### ပင့်ကူအိမ်သုံးသပ်ခြင်း ဆွေးနွေးခြင်းနှင့် ဆန်းစစ်ချက်


ဝမ့်ပန်ကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်းကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- အမျိုးသမီးများသည် ဦးဆောင်နိုင်မှုနှင့် ဆုံးဖြတ်ပိုင်ခွင့်တို့တွင် ပါဝင်မှုအားနည်းခြင်းကြောင့် အမျိုးသားများကသာ ဆုံးဖြတ်ဦးဆောင်သည်။ အိမ်တွင်းမှုကိစ္စများနှင့်သာ အချိန်ကုန်ရသည်။ သို့သော လုပ်သောအလုပ်အတွက် လုပ်အားခတူညီသည်။
- အမျိုးသမီးများ မပြောဆိုရဲ၊ ပါဝင်ဆွေးနွေးမှု အားနည်းခြင်းကြောင့် ဆုံးဖြတ်ရာတွင် မပြတ်သားခြင်း၊ ကျန်းမာရေး၊ အလုပ်အကိုင်များအားနည်းပြီး အိမ်တွင်းရေးကိုသာ အဓိကထားကြသည်။ အလုပ်အကိုင် အရင်းအနှီးနည်းပါးခြင်းကြောင့် နိုင်ငံခြား(ထိုင်း)သို့ ရွှေ့ပြောင်းအလုပ်လုပ်သူမှာ ရွာလူဦးရေ၏ သုံးပုံတစ်ပုံခန့် ရှိသည်။
- ကျေးရွာတွင်းရှိ အမျိုးသမီးများ ဦးဆောင်မှုကဏ္ဍတွင် ပါဝင်နိုင်ရန် အသိပညာပေးဆွေးနွေးပွဲများ၌ ပါဝင်စေခြင်း/စီမံကိန်းတွင် လုပ်အားခတန်းတူရရှိခြင်း/ လုပ်ပိုင်ခွင့်လမ်းပေးခြင်း/ ကော်မတီဖွဲ့စည်းရာတွင် ပါဝင်လာအောင် ကူညီခြင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမျိုးသမီးများ ပါဝင်လာအောင် လက်တွဲခေါ်ဆောင်ခြင်းဖြင့် ကူညီနိုင်သည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### ဗင်းပုံစံ (အဖွဲ့အစည်းချိတ်ဆက်မှု)





**ဗင်းပုံစံ အဖွဲ့အစည်းချိတ်ဆက်မှု ပြန်လည်သုံးသပ်ခြင်း**

ဝမ့်ပန်ကျေးရွာ ဗင်းပုံစံအဖွဲ့အစည်းချိတ်ဆက်မှု ပြန်လည်သုံးသပ်ခြင်းကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ရေးဆွဲခဲ့ပြီး လူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆန်းစစ်ချက်ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်။

- ကျေးရွာခေါင်းဆောင်၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖ၊ လူမှုရေးအဖွဲ့များသည် လူမှုဆိုင်ရာ စီးပွားရေး၊ ဘာသာရေးကိစ္စများတွင် ဆောင်ရွက်လုပ်ကိုင်ကြသည်။
- ကျေးရွာခေါင်းဆောင်၊ ကျောင်းကော်မတီအဖွဲ့များတွင် အမျိုးသမီးများ မပါဝင်ပါ။
- ကျေးရွာခေါင်းဆောင်၊ ရပ်မိရပ်ဖ၊ ကျောင်းကော်မတီ၊ လူမှုရေးအဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေးများတွင် အဓိကပါဝင်လုပ်ဆောင်ပေးသည်။
- ကျေးရွာခေါင်းဆောင်သည် ရွာတွင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုအများဆုံးဖြစ်သည်။
- ကျန်းမာရေးရုံး၊ ကျေးလက်ရုံး၊ မြို့နယ်ထွေအုပ်ရုံး၊ လဝကရုံးတို့သည် တစ်ခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိဘဲ သီးခြားနေပါသည်။

[6] ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၊ တဘက်ကျေးရွာအုပ်စု၊ ဝမ့်ပန်ကျေးရွာ၊

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

## အခက်အခဲများ/ပြဿနာများ/ စိန်ခေါ်မှုများ

### အမျိုးသားများမှတင်ပြသောအခက်အခဲများ

(၁) မိုးတွင်းလမ်းပန်းဆက်သွယ်ရေးအဆင်မပြေ

(၂) ရေဆည်ကန်မရှိ နွေရာသီတွင် ရေအခက်အခဲရှိ

(၃) တံတားပြုပြင်ရန် ငွေကြေးအခက်အခဲရှိ

(၄) မီးလင်းရေးတွင် ဆင်းရဲနွမ်းပါးသူအတွက် အခက်အခဲရှိ

(၅) စိုက်ပျိုးရေးနည်းပညာအားနည်းခြင်းကြောင့် သီးနှံအထွက်နှုန်းမရှိခြင်း

(၆) စိုက်ပျိုးရေးအရင်းအနှီးမရှိခြင်း

(၇) ဆရာ/ဆရာမနားနေဆောင် လုံလောက်မှုမရှိ

(၈) စာသင်ကျောင်း ကြမ်းခင်းများယိုပေါက်ပျက်စီးမှု

(၉) ကုန်ဈေးနှုန်းမတည်ငြိမ်ခြင်း၊ ဈေးမရှိခြင်းကြောင့် စားဝတ်နေရေးခက်ခဲမှု

### အမျိုးသမီးများမှတင်ပြသောအခက်အခဲများ

(၁) နွေရာသီတွင် ရေခက်ခဲမှု

(၂) မီးအခက်အခဲရှိ

(၃) ရွာချင်းဆက်လမ်းခက်ခဲခြင်း

(၄) စိုက်ပျိုးရေးအတွက် အရင်းအနှီးခက်ခဲခြင်း

(၅) စာသင်ကျောင်းဟောင်း၍ စာသင်ရန်ခက်ခဲရှိ

(၆) တံတားမကောင်းလို့ ဖြတ်သန်းရန်ခက်ခဲ

(၇) ရွာတွင် အစည်းဝေးပြုလုပ်ရန် နေရာခက်ခဲ

(၈) ဝန်ထမ်းအိမ်ရာမလုံလောက်ခြင်း

(၉) ဆွမ်းစားကျောင်းဆောင် ကျဉ်းခြင်း

(၁၀) နာမကျန်းသူများအဝေးသို့ သွားပြရခြင်း

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

### မျှော်မှန်းချက်များ

#### အမျိုးသားများမှတင်ပြသောမျှော်မှန်းချက်များ

- ရွာချင်းဆက်လမ်းကိုကျောက်ချောလမ်းဖြင့် တွေ့ရခြင်း
- ရေလှောင်ကန် (သို့) ဆည်ကန်ငယ် ဆောက်လုပ်ခြင်း
- တံတားကိုကွန်ကရစ်ဖြင့်မြင်တွေ့ရခြင်း
- စာသင်ကျောင်းအိမ်သာကိုအုတ်(ယင်လုံ) အိမ်သာဆောက်ပေးခြင်း
- ဆိုလာမီးဖြင့် အိမ်တိုင်းမီးလင်းခြင်း
- စာသင်ကျောင်းကိုအုတ်ကာ၊ ကြမ်းခင်းပြီး မြင်ရခြင်း
- အသေးစား နှစ်ရှည် ချေးငွေရရှိခြင်း
- ဆရာ/ဆရာမနားနေဆောင် တည်ဆောက်ပြီး ဖြစ်ခြင်း
- စိုက်ပျိုးရေးနည်းပညာနှင့် အရင်းအနှီးချပေးခြင်း
- သီးနှံများကုန်စျေးနှုန်းအတည်တကျ မှန်ကန်သောစျေးနှုန်းရရှိခြင်း

#### အမျိုးသမီးများမှတင်ပြသောမျှော်မှန်းချက်များ

- အိမ်တိုင်ရာရောက်ရေရရှိရန်
- ဆိုလာမီးဖြင့် တစ်ရွာလုံးမီးလင်းရန်
- ရွာတွင်းလမ်းကွန်ဂရစ်လမ်းဖြစ်စေခြင်း
- ရွာချင်းဆက်လမ်းကိုသွားလာရအဆင်ပြေအောင်ဆောင်ရွက်ပေးခြင်း
- တံတားကိုကွန်ကရစ်ခင်းပေးနိုင်ရန်
- စာသင်ကျောင်းပြုပြင်ပေးရန်
- အစည်းအဝေး/ခန်းမဆောင် တည်ဆောက်ပေးရန်
- အရုံးသားဖွားသင်တန်း၊ စက်ချုပ်သင်တန်းဖွင့်ပေးရန်
- စိုက်ပျိုးရေးအရင်းအနှီးလုံလောက်မှုရရှိစေရန်
- ကွန်ပျူတာသင်တန်းဖွင့်ပေးရန်

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ/ စီမံကိန်းလုပ်ငန်းခွဲများစာရင်း

အမျိုးသားများမှအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

- ကျေးရွာချင်းဆက်လမ်းကျောက်ချောလမ်းခင်းခြင်း
- တံတား(၂)စင်း ပြုပြင်ခြင်း
- စာသင်ကျောင်း ပြုပြင်ခြင်း
- အိမ်တိုင်းမီးလင်းရေး
- သောက်သုံးရေအတွက် တွင်းနက်တူးဖော်ခြင်း
- စိုက်ပျိုးရန် မျိုးစေ့နှင့် မြေသြဇာအတိုးမဲ့ ရရှိခြင်း
- စာသင်ကျောင်းအိမ်သာ ပြုပြင်ခြင်း
- ဆရာ/ဆရာမနားနေဆောင် တည်ဆောက်ခြင်း
- သားဖွားသင်တန်းပေးခြင်း
- နှစ်ရှည် အတိုးမဲ့ချေးငွေရရှိခြင်း

အမျိုးသမီးများမှအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

- တွင်းနက်တူးဖော်ခြင်း
- ရွာချင်းဆက်လမ်းကွန်ကရစ်လမ်းခင်းခြင်း
- ကွန်ကရစ် တံတားတည်ဆောက်ခြင်း
- ခန်းမဆောင် အသစ်တည်ဆောက်ခြင်း
- ဆေးခန်းတည်ဆောက်ခြင်း
- ကွန်ပျူတာသင်တန်းဖွင့်လှစ်ခြင်း
- အရံသားဖွားသင်တန်း၊ စက်ချုပ်သင်တန်းဖွင့်လှစ်ခြင်း
- အိမ်တိုင်းမီးလင်းရေး
- စာသင်ကျောင်း ပြုပြင်ခြင်း


ပူးတွဲအဆိုပြုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

- ကျေးရွာချင်းဆက်လမ်းကျောက်ချောလမ်းခင်းခြင်း (ကျ+မ)
- တံတား(၂)စင်း ပြုပြင်ခြင်း (ကျ+မ)
- စာသင်ကျောင်း ပြုပြင်ခြင်း (ကျ+မ)
- အိမ်တိုင်းမီးလင်းရေး (ကျ+မ)
- သောက်သုံးရေအတွက် အဂ်စီတွင်းနက်တူးဖော်ခြင်း (ကျ+မ)
- စိုက်ပျိုးရန် မျိုးစေ့နှင့် မြေသြဇာအတိုးမဲ့ ရရှိခြင်း (ကျ)
- စာသင်ကျောင်းအိမ်သာ ပြုပြင်ခြင်း (ကျ)
- ဆရာ/ဆရာမနားနေဆောင် တည်ဆောက်ခြင်း (ကျ)
- သားဖွားသင်တန်းပေးခြင်း (ကျ)
- နှစ်ရှည် အတိုးမဲ့ချေးငွေရရှိခြင်း (ကျ)
- ခန်းမဆောင် အသစ်တည်ဆောက်ခြင်း (မ)
- ဆေးခန်းတည်ဆောက်ခြင်း (မ)

➢ ကွန်ပျူတာသင်တန်းဖွင့်လှစ်ခြင်း (မ)

➢ အရုံးသားဖွားသင်တန်း၊ စက်ချုပ်သင်တန်းဖွင့်လှစ်ခြင်း (မ)


## ဦးစားပေးအဆင့်နှင့်စီမံကိန်းလုပ်ငန်းခွဲများရွေးချယ်ခြင်း




### ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဦးစားပေးလုပ်ငန်းစဉ်များအပြီးသတ်စာရင်း

| ဦးစားပေး | အဆိုပြုသောဖွံ့ဖြိုးရေးလုပ်ငန်းများ | အဆိုပြုသူ | ခန့်မှန်းကုန်ကျစရိတ် |
|---|---|---|---|
| ၁ | လမ်း(ရွာတွင်း၊ ရွာချင်းဆက်လမ်း)ခင်းခြင်း | က+မ | ၈၅၀၀၀၀၀၀ |
| ၂ | တံတား(၂)စင်း ပြုပြင်တည်ဆောက်ခြင်း | က+မ | ၁၀၀၀၀၀၀၀ |
| ၃ | ဆိုလာမီးတပ်ဆင်အသုံးပြုခြင်း | က+မ | ၄၂၀၀၀၀၀ |
| ၄ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | မ | ၇၂၀၀၀၀၀ |
| ၅ | သောက်သုံးရေအတွက် အဂ္ဂီစီတွင်းနက်တူးဖော်ခြင်း | က+မ | ၆၀၀၀၀၀၀ |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ













## ၈။ ကျေးရွာအချက်အလက်(ပုံစံ-၁)

ဒုဒိမ်ဖြေ - ၂၈

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦး ဘကျော် ကာ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် နန်း ဖြိုးဖြိုး |
| ပြည်နယ်၊တိုင်းဒေသကြီး ရှမ်း၊ မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု တဘက် | | ကျေးရွာ ဝမ်ပန် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ရှမ်း--- | ၂၆ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၂၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ရှမ်း၊ပအိုဝ်း | ၂ | ဘာသာရော ---ဗုဒ္ဓ--- | ၂ |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ရှမ်း--- | ၅၄ | ၅၈ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား ရှမ်း+ပအိုဝ်း | ၃ | ၂ |
| အိမ်ထောင်ဦးစီး | ၂၅ | ၃ |

စုစုပေါင်း = ၁၁၄

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| တ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — ခုနှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၂ မိုင်--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃၀ မိနစ်---ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---၄၅ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လား/မော်တော်ဘုတ်/

အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---[illegible]---

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မရှိပါ---

(၂) ------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် [illegible] | |
| | လက်မှတ် [signature] | နေ့စွဲ ၂၆.၄.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် [illegible] | |
| | လက်မှတ် [signature] | နေ့စွဲ 26.4.2017 |

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)

### ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - နန်းမီးမီး | | | |
| နေ့စွဲ - 26.4.2017 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ရှမ်းတောင် | မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု တဘာက် | ကျေးရွာ ဂမ့်ပန် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 26.4.2017 | 26.4.2017 | ၂၂ | ၂၀ | ၂၁ | ၄၂ \| ရှမ်း/ပအိုဝ်း |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 27.4.2017 | 27.4.2017 | ၂၄ | ၂၃ | ၂၃ | ၄၇ \| ရှမ်း/ပအိုဝ်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 5.5.2017 | 5.5.2017 | 53 | 56 | ၁၀၉ | ရှမ်း 83 \| ပအိုဝ်း 11<br>ကမန်း 8 \| ဗမာ 7 +109 |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော် ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | - |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | — |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | | — — |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | | — — |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | — — |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | — — |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | — — |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | — — |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | — — |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်*။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - နန်းမီးမီး | | | |
| နေ့စွဲ - 27.4.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရှမ်း/တောင် | မြို့နယ် ဆီဆိုင် | ကျေးရွာအုပ်စု တာဘက် | ကျေးရွာ ဝမ်ပန် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးတွင်း လမ်းပန်းဆက်သွယ်ရေးအဆင်မပြေ | ၁ | ရေအခက်အခဲရှိ |
| ၂ | ရေသိုကန်မရှိ၊ နွေရာသီတွင်ခက်ခဲရှိ | ၂ | မီးအခက်အခဲရှိ |
| ၃ | တံတားကျိုးပဲ့ဆွေးမြေ့ခြင်းဖြစ်သည်ရှိ | ၃ | လမ်းအခက်အခဲရှိ (ကျေးရွာချင်းဆက်လမ်း) |
| ၄ | မီးလင်းရေးတွင် ဆင်းရဲနွမ်းပါးသူအတွက် အခက်အခဲရှိ | ၄ | အလုပ်အကိုင်ခက်ခဲ (စိုက်ပျိုးရေးအတွက်) |
| ၅ | စိုက်ပျိုးနည်းပညာမရှိလို့ခက်ခဲ | ၅ | စာသင်ကျောင်းဟောင်းလို့အခက်အခဲရှိ |
| ၆ | ဆင်းရဲနွမ်းပါးသူများ ငွေရင်းနှီးခက်ခဲ | ၆ | တံတားမကောင်းလို့ခက်ခဲ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်း ခင်းပြီးဖြစ်ရန် | ၁ | အိမ်တိုင်း ရေရရှိခြင်း (အဝီစိတွင်း) |
| ၂ | ရေလှောင်ကန် (ယခု) ဆည်ကန်ငယ် တည်ဆောက်ခြင်း | ၂ | တစ်ရွာလုံး မီးလင်းခြင်း |
| ၃ | တံတား ကွန်ကရစ်ဖြင့် ပြုပြင်ခြင်း | ၃ | ရွာတွင်း လမ်း ကွန်ကရစ်ခင်းစေခြင်း |
| ၄ | စာသင်ကျောင်း အမိုးသွပ်ဖြင့် တည်ဆောက်ခြင်း | ၄ | ကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်းခင်းပြီးခြင်း |
| ၅ | ဆိုလာမီး အိမ်တိုင်းရရှိရန် | ၅ | ကွန်ကရစ်တံတား ခင်းပြီးခြင်း |
| ၆ | စာသင်ကျောင်း အုတ်ကာ/ကြမ်းခင်းပြီးခြင်း | ၆ | စာသင်ကျောင်း ပြုပြင်ပြီးခြင်း |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လမ်း (ကျေးရွာချင်းဆက်လမ်း) | (ကျား+မ) | 850 သိန်း | ၁၁၄ |
| ၂ | တံတား | (ကျား+မ) | 100 သိန်း | ၁၁၄ |
| ၃ | မီး (ဆိုလာမီး) | (ကျား+မ) | | ၁၁၄ |
| ၄ | ဆေးပေးခန်း | (မ) | 72 သိန်း | ၁၁၄ |
| ၅ | သောက်ရေအတွက်ရှာ (အဝီစိတွင်း) | (ကျား+မ) | | ၁၁၄ |
| ၆ | [illegible] | (မ) | | ၀၃၄ |
| ၇ | စာသင်ကျောင်း | (ကျား+မ) | 87 သိန်း | ၁၁၄ |

ထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| ဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကွန်ပျူတာသင်တန်း | (မ) | နည်းပညာဆိုင်ရာ |
| ၂ | အရံသားဖွားသင်တန်း | (က+မ) | ကျန်းမာရေးဆိုင်ရာ |
| ၃ | စက်ချုပ်သင်တန်း | (မ) | အသက်မွေးဝမ်းကြောင်းဆိုင်ရာ |
| ၄ | နှစ်ရှည်အတိုးမဲ့ချေးငွေ | (က) | အသက်မွေးဝမ်းကြောင်းဆိုင်ရာ |
| ၅ | စိုက်ပျိုးမျိုးစေ့နှင့်မြေဩဇာ အတိုးမဲ့ရရှိခြင်း | (က) | အသက်မွေးဝမ်းကြောင်းဆိုင်ရာ |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---စိုင်းနောင်--- လက်မှတ် ---စိုင်းနောင်--- နေ့စွဲ---27.4.2017---

| အမျိုးသားအဖွဲ့မှတင်ပြသောပြဿနာ အခက်အခဲ | အမျိုးသမီးအဖွဲ့မှတင်ပြသောအခက်အခဲ ပြဿနာ |
|---|---|
| ၁။ ဆရာ/ဆရာမ အိမ်ယာ လုံလောက်မှုမရှိ | ၁။ ရွာတွင်းခန်းမခက်ခဲ |
| ၂။ အတိုးမဲ့ချေးငွေများ မရရှိခြင်းပြဿနာ | ၂။ ဝန်ထမ်း အိမ်ယာ တွက်ခက်ခဲ |
| ၃။ စာသင်ကျောင်းဝေးကွာ၊ အခင်းမကောင်းသို့ ကျောင်းသူ/သားများ တက်ခက်ခဲ | ၃။ ကျန်းမာရေး ဆရာမ / ဆေးပေးခန်း ရှိဖို့ခက်ခဲ |

| အမျိုးသားများ၏မျှော်မှန်းချက် (၅)နှစ်တွင်း | အမျိုးသမီးများ၏မျှော်မှန်းချက် (၅)နှစ်တွင်း |
|---|---|
| ၁။ အလေးထား နှစ်ရှည်ချေးငွေ ရရှိခြင်း | ၁။ ခန်းမ တည်ဆောက်ပြီးခြင်း |
| ၂။ စိုက်ပျိုးနည်းပညာ အရင်းအနှီး ချပေးခြင်း | ၂။ အရံသားဖွားသင်တန်း ရွာတွင် ဖွင့်ပေးခြင်း |
| ၃။ ဆရာ/ဆရာမ အိမ်ယာ တည်ဆောက်ပြီးခြင်း | ၃။ လယ်ယာလုပ်ဖို့ အရင်းအနှီး လုံလောက်မှုရှိခြင်း |

## ၁၁။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

### ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | |
|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် [illegible] | |
| နေ့စွဲ ၅.၅.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရှမ်း / မြို့နယ် [illegible] | ကျေးရွာအုပ်စု တဘက် |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| [illegible] | [illegible] | ၃၀'×၁၈'×၁၂' [illegible] | ၁၈၄ | ☐ ကျား ☐ မ ☑ ကျား+ မ | 5000000 | - | - | | 5000000 |
| [illegible] | ရေလှောင်ကန်နှင့် အဝီစိတွင်း တူးခြင်း+ပိုက်+ရေစုပ်စက် | တွင်း+ဂါလံ ၅၀၀၀ ဆံ့ရေကန် + PVC ပိုက် ရေစုပ်စက် | ၃၁၉ | ☐ ကျား ☐ မ ☑ ကျား+ မ | 6000000 | - | - | | 6000000 |
| [illegible] | အဝီစိတွင်း နှင့် ရေလှောင်ကန် + ပိုက်+ရေစုပ်စက် | တွင်း+ဂါလံ ၅၀၀၀ ဆံ့ရေကန်+PVC ပိုက် ရေစုပ်စက် | ၃၅၉ | ☐ ကျား ☐ မ ☑ ကျား+ မ | 6000000 | - | - | | 6000000 |
| [illegible] | စိမ့်စမ်းရေသွယ်ယူခြင်းနှင့်ရေလှောင်ကန် | ၁.၅ မိုင် ၂" PVC ဂါလံ ၅၀၀၀ ရေလှောင်ကန် | ၃၇၂ | ☐ ကျား ☐ မ ☑ ကျား+ မ | 7900000 | - | - | | 7900000 |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း | |
| နောင်စကာ | ဘုရား/ဘုရား နား : ဇရပ်ဆောင် (နှစ်ထပ်) | ၃၀'× ၁၅' (ဝရံတာ ၆') × ၁၂' | 507 | ☑ ကျား<br>☐ မ<br>☐ ကျား+ မ | 6500000 | – | – | | 6500000 | က-၂၈၁<br>မ-၃၂၆ |
| နောင်သိမ် | စာသင်ကျောင်း ပြုပြင်ခြင်း (နှစ်ထပ်) | ၆၀'×၂၄' (ဝရံတာ ၆') ×၁၂' | ၄၈၁ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 7000000 | – | – | | 7000000 | က-၂၄၅<br>မ-၂၃၆ |
| ဟိုခဲ | စာသင်ကျောင်း ရေလှောင်ကန် | (၈'×၈'×5') + (၁၂'×14'×6') | ၃၅၂ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 6000000 | – | – | | 6000000 | က-၂၁၄<br>မ-၁၃၈ |
| ကောင်တို | ရေလှောင်ကန် တည်ဆောက်ခြင်း | 18'×16'×6' (GAL 10000) | ၅00 | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 5000000 | – | – | | 5000000 | က-၂၅၅<br>မ-၂၄၅ |
| ဝမ်ပင် | အဝီစိတွင်း+ရေ စုပ်စက်+ရေကန် ဂါလံ၃၀၀၀+ပိုက် | | ၁၁၄ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 6000000 | – | – | | 6000000 | က-၅၄<br>မ-၆၀ |
| ဝိုင်းကောင် | အဝီစိတွင်း+ရေ စုပ်စက်+ရေကန် ဂါလံ၃၀၀၀ | (၁၂'×၈'×၅') + (၅'×၅'×၈') | ၃၅၁ | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 4200000 | – | – | | 4200000 | က-၁၇၅<br>မ-၁၇၆ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဦး ခံလှ
ဒေါ်နန်းဘိကာအောင်

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း | |
| အမ်ဆိုင် | တံတားကျောက် [illegible] | ၁၃.၅' x ၄'-၆" x ၃' | ၁၅၁ | ☐ ကျား ☐ မ ☑ ကျား+ မ | 4800000 | — | — | | 4800000 | ကျ - ၅၉ မ - ၅၂ |
| ဘုံးချောင် | ရေကာကန်+ရေခွက် တာ+ချင်ဂျိုင် ပိုက် | ရေကာကန် (၅'x၅'x၂-၆") (၃'x၃'x၃') ၉"φ PVC ၁၀၀' | ၈၈ | ☐ ကျား ☐ မ ☑ ကျား+ မ | 4500000 | — | — | | 4500000 | ကျ - ၄၂ မ - ၄၆ |
| နောင်ဘို | ရေမြောင်းကာရန်း မြောင်းပွင့်မြင် [illegible] | 4000'x 7'+5' | ၁၈၉ | ☐ ကျား ☐ မ ☑ ကျား+ မ | 6000000 | — | — | | 6000000 | ကျ - ၉၈ မ - ၉၁ |
| နမ့်ဆေမြဲ | တံတားကျောက် [illegible] | ၉၀'x၂၈'x၁၂' | ၄၃၇ | ☐ ကျား ☐ မ ☑ ကျား+ မ | 5000000 | — | — | | 5000000 | ကျ - ၂၁၄ မ - ၂၂၉ |
| နောင်ချို | ရေသွယ်ယူခြင်း [illegible] | ၂မိုင် | ၁၆၁ | ☐ ကျား ☐ မ ☑ ကျား+ မ | 7900000 | — | — | | 7900000 | ကျ - ၇၅ မ - ၈၆ |
| နောင်ပါရင် | [illegible] | ၉'x၁၅၀' | ၃၈၇ | ☐ ကျား ☐ မ ☑ ကျား+ မ | 6000000 | — | — | | 6000000 | ကျ - ၁၈၃ မ - ၂၀၄ |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| မက်ကောက် | အခြင်းအခ... ... | ၃၇.၅'x၁၈'x၁၂' | ၁၅၁ | □ ကျား<br>☑ မ<br>□ ကျား+ မ | 7000000 | — | — | — | 7000000 |
| မဲဟဲ | ချောင်းဖက်+ ဖိုက်+ရေ လက် | ၁၅'x၁၈'x၅'-၆" ၁"PVC ၁၅၀' | ၂၅၈ | □ ကျား<br>□ မ<br>☑ ကျား+ မ | 6500000 | — | — | — | 6500000 |
| နောင်ဖီ မေဝါလုံ | အဝီစိတွင်းတူး ခြင်း | | ၃၅၆ | □ ကျား<br>□ မ<br>☑ ကျား+ မ | 7400000 | — | — | — | 7400000 |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |
| | | | | □ ကျား<br>□ မ<br>□ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဌ အမည် လက်မှတ် ရက်စွဲ

ဦး...

ဒေါ်နန်းသီတာအောင်

## ၁၂။ အစည်းအဝေးမှတ်တမ်းများ

စီမံကိန်းမိတ်ဆက်၊ မဏ္ဍပအစည်း ........အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် ..........ဝမ့်ပန်..........

ကျေးရွာအုပ်စုအမည် ..........တဘက်..........

အစည်းအဝေးကျင်းပသည့်ရက်စွဲ ..........26.4.2017..........

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား(၂၂)ဦး၊ မ (၂၀) ပေါင်း (၄၂)ဦး

အစည်းအဝေးကျင်းပသည့်နေရာ - ဝမ့်ပန် ဘုန်းကြီးကျောင်း

အချိန် - (၉) နာရီမှ (၁၁) နာရီ

ဆွေးနွေးသည့်အကြောင်းအရာ

စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် ကျေးရွာဥက္ကဋ္ဌမှ ကျေးရွာလူထုနှင့် လူထုမဟုတ်မှ စီမံကိန်းမှ ဝန်ထမ်းများကို မိတ်ဆက်အဖွင့်အမှာစကား ပြောကြားခြင်း၊ ထို့နောက် ဝန်ထမ်းအဖွဲ့ဝင်အမည် အလှူရှင်အမည် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဌာန နှင့် စီမံကိန်း ဖွဲ့စည်းပုံများ၊ ကျား/မ ရေးရာ ကဏ္ဍများ အကြောင်း၊ ဝေဖန်အကြံပြုတုံ့ပြန်မှုများအကြောင်း မိတ်ဆက် ရှင်းလင်း ပြောကြားပြီး ကျေးရွာ စေတနာ့ ဝန်ထမ်း ရွေးချယ်ခြင်း၊ လူထုပူးပေါင်း ပါဝင်သော လူမှုဆန်းစစ်ခြင်း (PRA/PSA) များ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆွေးနွေး ပြောကြားခဲ့ပါသည်။

မိတ်ဆက်ဆွေးနွေးမှုအပြီးတွင် ကျေးရွာစေတနာ့ဝန်ထမ်း လိုက်နာရမည့် စည်းကမ်းများကို ရှင်းလင်းပြောကြား၍ ကျေးရွာလူထု ကိုယ်စားပြု လျှို့ဝှက်ချက် မဲပေးစနစ်ဖြင့် စေတနာ့ဝန်ထမ်း (က-၁)(မ-၁) ကို ရွေးချယ်ရန် ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက်များ

ကျေးရွာလူထုမှ စီမံကိန်း၏ ဖွဲ့စည်းပုံ လုပ်ဆောင်ရမည့်အချက်များနှင့် လိုက်နာကျင့်သုံးရမည့် စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်၊ စေတနာ့ဝန်ထမ်း ရွေးချယ်ခြင်းကိုလည်း ပတ်သက်၍ တက်တက်ကြွကြွပါဝင်သော ကျေးရွာလူထုမှ အမှန်တကယ် လုပ်ကိုင်နိုင်သူ၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် စိတ်ပါဝင်စားမှုရှိသူ၊ ပြောတတ်ဆိုတတ်ရှိသူများကို ရွေးချယ်ရန် ပြောကြားပြီး စေတနာ့ဝန်ထမ်း (က-၁)(မ-၁) ကို ကျေးရွာလူထုမှ လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည်။ ထို့နောက် လူမှုဆန်းစစ်ခြင်း (PRA/PSA) အကြောင်းတွင် ပါဝင်သော လူ့အားဖြစ်စဉ်များ၊ အချိန်ကာလဆိုင်ရာ သုံးသပ်ချက်များ၊ အဝါက်ရွေးဝမ်းကျောင်း ဆိုင်ရာများကို ဆက်လက်ဆွေးနွေးရန် ဆုံးဖြတ်ခဲ့ကြပါသည်။

မှတ်တမ်းတင်သူ [signature]

အမည် ခိုင်ထွတ်

ရာထူး CF

ဒုတိယအကြိမ်ကျေးရွာ အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် ဝမ့်ပန်

ကျေးရွာအုပ်စုအမည် တဘက်

အစည်းအဝေးကျင်းပသည့်ရက်စွဲ 27.4.2017

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား(25)ဦး၊ မ (23) ပေါင်း (48)ဦး

အစည်းအဝေးကျင်းပသည့်နေရာ - ဝမ့်ပန် ဘုန်းကြီးကျောင်း

အချိန် - ၉း၁ နာရီ မှ (၁၂း၂၀) နာရီ

ဆွေးနွေးသည့်အကြောင်းအရာ

ဒုတိယအကြိမ် အစည်းအဝေးတွင် ပထမနေ့မှပြုလုပ်သော လူမှုအခြေခံစစ်တမ်း အချို့ကို ပြန်လည်တင်ပြပြီး တက်ရောက်လာသော ကျေးရွာလူထု အမျိုးသား/ အမျိုးသမီးများအား အုပ်စုခွဲ၍ လူမှုအခြေခံစစ်တမ်း (PRA) အဆင့်များ ဆက်လက် ပြုလုပ် ဆွေးနွေးခဲ့ကြပါသည်။ ၎င်းနောက် အခက်အခဲများကို ဖော်ထုတ်ခဲ့ကြသည်။ အမျိုးသား/ သမီးများ၏ ရှင်(ကြာ)နှစ် ဈေးကွက်ရှာဖွေမှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း များ ဆက်လက်ဖော်ထုတ်ခဲ့ကြသည်။

ထွက်ပေါ်လာသော လုပ်ငန်းများကို လူထုမှ မဲပေးပြီး စီမံကိန်း၏ အကျုံးဝင်သော လုပ်ငန်းများနှင့် အကျုံးမဝင်သော လုပ်ငန်းများကို ခွဲခြားပြီး ကျေးရွာဖွံ့ဖြိုး လုပ်ငန်းများကို အဆင့်သတ်မှတ်၍ ရွေးချယ်ခဲ့ကြသည်။

ထွက်ပေါ်လာသော လုပ်ငန်းများကို အကောင်အထည်ဖော်ရန် ကျေးရွာအတွက် စီမံကိန်း အကောင်အထည်ဖော် ကော်မတီ လိုအပ်ကြောင်း ရှင်းပြခဲ့သည်။

ဆုံးဖြတ်ချက်များ

ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လိုသော လုပ်ငန်းများကို ကျေးရွာလူထုကိုယ်၌ ဆုံးဖြတ်ချက်ပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသော ကျေးရွာလူထုအား ကော်မတီဝင်များ၏ တာဝန်နှင့်ဝတ္တရားများ အကြောင်း ပြောကြားပြီး ဦး/ဒေါ် ဥက္ကဋ္ဌများ ကို နှင့် ဆပ်ကော်မတီ အသီးသီးကို ရပ်ရွာလူထု အားလုံးကိုယ်တိုင် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ် ဆုံးဖြတ်ခဲ့ကြသည်။

မှတ်တမ်းတင်သူ [signature]

အမည် ခိုင်ဇော်

ရာထူး CF

## ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | ဦးစားပေးအဆင့် | လုပ်ငန်းအမည် | ဦးစား ပေးသူ | ကျေးရွာမှတာဝန်ခံသူ (သို့ )အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မည်လည်း |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံကဏ္ဍ | ၁ | ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်း | က+မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | တံတားပြုပြင်ခြင်း | က+မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | ဆိုလာမီးတပ်ဆင်ခြင်း | က+မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၄ | ရွာတွင်းခန်းမဆောင် တည်ဆောက်ခြင်း | က+မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၅ | အဝီစိတွင်းနှင့်ရေလှောင်ကန် တည်ဆောက်ခြင်း | က+မ | စီ/ထောက်ကော်မတီ အဖွဲ့ဝင်များ | လူထုဗဟိုပြု စီမံကိန်း |
| | ၆ | ဆရာမနားနေဆောင် တည်ဆောက်ခြင်း | က+မ | ကျောင်းကော်မတီနှင့် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| ကျန်းမာရေးကဏ္ဍ | ၇ | ဆေးပေးခန်းတည်ဆောက်ခြင်း | မ | ကျေးရွာ လူထုအားလုံး | ကျန်းမာရေး ဌာနနှင့် ပြင်ပ အဖွဲ့စည်းများ |
| | ၈ | အရံသားဖွားသင်တန်း | က+မ | ကျေးရွာအမျိုးသမီး လူထု | ကျန်းမာရေး ဌာနနှင့် ပြင်ပ အဖွဲ့စည်းများ |
| ပညာရေးကဏ္ဍ | ၉ | စာသင်ကျောင်း ပြုပြင်ခြင်း | က+မ | ကျောင်းကော်မတီနှင့် ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၁၀ | စာသင်ကျောင်းအိမ်သာ ပြုပြင်ခြင်း | မ | ကျောင်းကော်မတီနှင့် ကျေးရွာလူထု | ပညာရေးဌာန |
| | ၁၁ | ကွန်ပျူတာသင်တန်း ဖွင့်လှစ်ခြင်း | က+မ | ကျေးရွာရှိ လူငယ်များ အဖွဲ့ | ပညာရေးဌာန |

၄ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၊ တဘက်ကျေးရွာအုပ်စု၊ ဂမ့်ပန်ကျေးရွာ၊

| | | | | | |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကြောင်းကဏ္ဍ | ၁၂ | စက်ချုပ်သင်တန်းဖွင့်လှစ်ခြင်း | က+မ | ကျေးရွာအမျိုးသမီး လူထု | ပြင်ပ အဖွဲ့အစည်းများ |
| | | | | | |
| အခြားကဏ္ဍများ | ၁၃ | စိုက်ပျိုးရန် မျိုးစေ့နှင့်မြေသြဇာအတိုးမဲ့ ရရှိခြင်း | က+မ | ကျေးရွာလူထုအားလုံး | စိုက်ပျိုးရေး ဌာနနှင့် အခြား အဖွဲ့အစည်းများ |
| | ၁၄ | နှစ်ရှည် အတိုးမဲ့ချေးငွေရရှိခြင်း | က+မ | ကျေးရွာလူထုအားလုံး | ပြင်ပ အဖွဲ့အစည်းများ |

**VDP အရည်အသွေးထိန်းချုပ်မှု**

ထိန်းချုပ်သူ- ရက်စွဲ- VDP ရက်စွဲ-

ကျေးရွာ- ၊ ကျေးရွာအုပ်စု- မြို့နယ်- ဆီဆိုင်

(၁) VDP စာရွက်စာတမ်း ပြီးဆုံးမှုကို စစ်ဆေးပါ။ (Operation Manual အရ)

- ✓ မျက်နှာဖုံး (အဖုံး)
- ✓ မာတိကာ
- ✓ ကျေးရွာအခြေခံ အချက်အလက် (Data)
- ✓ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ✓ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလာဒ်)
- ✓ အမျိုးသား/အမျိုးသမီးအဖွဲ့များ သဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း( အခြေခံအဆောက်အဦ၊ အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု...စသည်ဖြင့်-)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်း ဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်။ စည်းစိမ်ပိုင်ဆိုင်မှု (ဥစ္စာခနေ) အဆင့်၊ Venn ပုံ...စသည်ဖြင့်-)
- ကျေးရွာစီမံကိန်း ရေးဆွဲရေး အစည်းအဝေးမိတ္တူ
- ကျေးရွာအချက်အလက် (PC-1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှု အရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင် ပါဝင်သော ဦးရေ (အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - ○ အလွန်ကောင်း
    - ○ ကောင်း
    - ○ ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်း နှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ ရလာဒ်အား ခွဲခြားပေးထား ပါသလား။
    - ○ ရှိ
    - ○ မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှု အရေအတွက်
- PRA နှင့် သက်ဆိုင်သောအခြားစီမံကိန်း အရေအတွက် (အမျိုးသား/ အမျိုးသမီး ရွေးချယ်မှု အရေအတွက်)